## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့(၂၂. ၃. ၂၀၁၇) ရက်နေ့တွင် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး က အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ **“၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များ တင်သွင်းခြင်း နည်းဥပဒေတွင်အချိန်အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည် သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင် ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း”** အဆိုဖြစ်ပါတယ်။ ယခု ဒေါ်နန်းစမ်းစမ်းအေးက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များအားလုံးမင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။ယနေ့ အစည်းအဝေးမှာ တင်ပြလိုတဲ့ အကြောင်းအရာ ကတော့ **“၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များ တင်သွင်းခြင်း နည်းဥပဒေတွင် အချိန် အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း”** အဆိုဘဲဖြစ်ပါတယ်။ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်း ဥပဒေများအခန်း (၁၄)၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းမှ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထား ချက်များ တင်သွင်းခြင်း အပိုင်းတွင် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်နေသည်ကို တွေ့မြင်ရပါသည်။ လက်ရှိတွင် ၄င်းနည်းဥပဒေများမှာ အချိန် ကန့်သတ်ချက်နှင့် လုပ်ထုံးလုပ်နည်း အသေးစိတ်ပြဋ္ဌာန်းထားခြင်း မရှိသည့် အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်မှ အတည်ပြုရန် တင်သွင်းချိန်မှာ အဆော တလျင် ဖြစ်နေပြီး ဆွေးနွေးသုံးသပ်ဖို့ အချိန်မှာ အင်မတန်နည်းလွန်းနေကြောင်း ကိုယ်စားလှယ်များအားလုံး၏ ကိုယ်တွေ့ပင်ဖြစ်ပါတယ်။ ထိုသို့ဆွေးနွေးသုံးသပ်ချိန် နည်းပါးနေသောကြောင့် သက်ဆိုင်ရာနှစ်အလိုက် ဘဏ္ဍာငွေများမှာ မည်သည့်မြို့၊ မည်သည့် ဌာနမှ မည်သည့်နေရာ၊ မည်သည့် စီမံကိန်းအတွက် အသုံးပြုပြီး ပစ္စည်းမှန်၊ နေရာမှန်၊ဟုတ်/မဟုတ် ကောင်းစွာ စိစစ်သုံးသပ်နိုင်ခြင်း မရှိပေ။ လွှတ်တော်ကိုယ်စားလှယ် များအားလုံးသည့် သက်ဆိုင်ရာ မြို့နယ်မှရွေးကောက်တင်မြှောက်ထားသော သူဖြစ်သည့်အလျောက် ၄င်းတို့၏ မြို့နှင့်သက်ဆိုင်သော စီမံကိန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ မည်၍၊ မည်မျှဘတ်ဂျက်နှင့်လုပ်ပိုင်ခွင့်ရထားသည်ကို သိရှိလိုသည်မှာ မုချဧကန်ပင်ဖြစ်ပါသည်။ လက်ရှိတွင် မိမိ၏မြို့နယ်သို့ မည်သည့်ဌာနမှ မည်သည့် စီမံကိန်းဆောက်လုပ်ခွင့်ပြုသည်၊ မပြုသည်ကို စိစစ်ခြင်း၊ ဆွေးနွေးခြင်း၊ ထောက်ခံခြင်းမပြုလိုက်ရဘဲ လွှတ်တော် အတွင်းအဆောတလျင် အတည်ပြုခြင်းဖြင့်သာ ဆောင်ရွက်ခဲ့ရပါသည်။ ထိုကိစ္စများကိုလည်း လွှတ်တော် ကိုယ်စားလှယ် တော်တော်များများမှ ခဏနေ အချိန်အတွင်းမှာ ဆွေးနွေးခဲ့ပါတယ်။ ထိုသို့ ကိုယ်စားလှယ်များမှ စိစစ်သုံးသပ် ဆွေးနွေးရန် အချိန်နည်းနေသောကြောင့် နောင်အနာဂတ်မှာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ လေလွင့်ဆုံးရှုံးမှုများမရှိစေရန်စီမံခန့်ခွဲမှုမပြုနိုင်ခြင်း လိုအပ်နေသော ဒေသကိုမပေးမိဘဲ၊ မလိုအပ်သော ဒေသများကို ပုံအောပေးအပ်ခြင်းမျိုးကိုလည်း ကြီးကြပ်နိုင်ရေးအခြေအနေ လျော့နည်းသွား မည်ကို စိုးရိမ်မိပါသည်။ ထို့ပြင်ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် လွှတ်တော်အတွင်း ဖွဲ့စည်းထားသော ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီမှာလည်း

စိစစ်အတည်ပြုခြင်းဆိုင်ရာ ကိစ္စကိုထိထိရောက်ရောက် စွမ်းဆောင်ပိုင်ခွင့်မရှိသောကြောင့် လက်ရှိတွင်အဖြစ်သဘောကော်မတီအဖြစ်သို့ ရောက်ရှိနေပေသည်။ ရှမ်းပြည်နယ်လွှတ်တော်၏ အခန်းကဏ္ဍကိုမြှင့်တင်လိုပါက လွှတ်တော်အတွင်း ဖွဲ့စည်းထားသော ကော်မတီများအားကောင်းရန် အထူးလိုအပ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုစွမ်းဆောင်ရာ မှာ အဓိကမဏ္ဍိုင်(၃)ခုဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရား စီရင်ရေးတို့သည် တစ်ခုနှင့် တစ်ခု အပြန်အလှန် ကောင်းစွာထိန်းကျောင်းမှုပြုနိုင်ရန် အရေးကြီးလှပါသည်။ သို့ဖြစ်ပါ၍ ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့ အပြန်အလှန်ကောင်းစွာ ထိန်းကျောင်းနိုင်ရေးအတွက် အောက်ပါနည်းဥပဒေများကို ပြင်ဆင်ဖြည့်စွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအား အထူးတိုက်တွန်းအပ်ပါသည်-

(က) ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅။ ရှမ်းပြည်နယ်အစိုးရက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက်ပြည်ထောင်စု၏ ဘဏ္ဍာရေးကော်မရှင်က ချမှတ်ထားသော မူဘောင်အတွင်းမှရေးဆွဲပြုစုပြီးပေးပို့သော ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်ကို လွှတ်တော်တွင် ဆွေးနွေးရန် ဥက္ကဋ္ဌသည် လွှတ်တော်ခေါ်ယူရမည်ဆိုသောအချက်မှာ လွှတ်တော်တွင် ဆွေးနွေးရန် လွှတ်တော်မခေါ်ယူမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များအားဘဏ္ဍာငွေအရအသုံး ဆိုင်ရာကော်မတီသို့(၁)လတိတိ ကြိုတင်ပေးပို့နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှ စီစဉ်ပေးရမည်ဟူသော အချက်အားလည်းကောင်း၊ ၎င်းလျာထားချက်များအား ဆွေးနွေးသုံးသပ်ရန် လွှတ်တော်မခေါ်ယူမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ ဥက္ကဋ္ဌမှဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ အစည်းအဝေးခေါ်ယူပေးရမည်ဆိုသော အချက်အားလည်းကောင်း၊ လျာထားချက်များ တင်သွင်းရာမှာ သက်ဆိုင်ရာဌာနအသီးသီး၏ အရအသုံးစရိတ် အသေးစိတ်များကို ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပူးတွဲ တင်ပြရမည်ဟူသောအချက်များ ဖြည့်စွက်စေလိုပါတယ်။

( ခ) ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၆၊ ဥက္ကဋ္ဌသည်နည်းဥပဒေ ၁၄၅ အရ ပေးပို့သော သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပြီး လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်ဟူသောအချက်တွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီမှ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာလျာထားချက်နှင့် သက်ဆိုင်သောတွေ့ရှိချက်များကို အစီရင်ခံစာနှင့်တကွ ပြင်ဆင်ဆွေးနွေးသုံးသပ်ရမည်ဟူသော အချက်အားလည်းကောင်း၊ အဆိုပါဘဏ္ဍာငွေ အရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာသုံးသပ်ချက်များနှင့်တကွ လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်ဟူသော ဖြည့်စွက်ချက်များအားလည်းကောင်း။

( ဂ) ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇၊ ရှမ်းပြည်နယ်အစိုးရက ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကိုပြည်ထောင်စု၏ ဘဏ္ဍာရေးကော်မရှင်သို့တင်ပြည့်နှိုင်းပြီးနောက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ရှမ်းပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေအပါအဝင် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်နှင့်အတူ တင်သွင်းလာပါက လွှတ်တော်တွင်လိုအပ်သလို ဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဟူသောနေရာတွင်ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်မှ ပြန်လည်ပေးပို့

လာသော ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာသဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဟူသော နေရာတွင် ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်မှပြန်လည်ပေးပို့လာသော ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်နှင့်အတူတင်သွင်းလာပါကလွှတ်တော်တွင် မဆွေးနွေးမီတစ်ပတ်တိတိတွင် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပေးပို့ရမည်ဟူသော အချက်အားလည်းကောင်း၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဟု ဖြည့်စွက်စေလိုပါတယ်။ လက်ရှိမှာအခုလိုမျိုး သဘောတူ အတည်ပြုခြင်း၊ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း စသည်တို့ကို မလုပ်နိုင်တဲ့အတွက် အခုလို၊ အပြောင်းပွားမှုများ ကိုယ်စားလှယ်များရဲ့ ဖြစ်စေလိုတဲ့ ဆန္ဒကိုတင်ပြခဲ့သည်ကို ကိုယ်စားလှယ်များအားလုံး ကိုယ်တွေ့ဘဲဖြစ်ပါတယ်။

(ယ) ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁။ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာလျာထားချက်တင်သွင်းခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းနှင့်ဆွေးနွေးဆုံးဖြတ်ခြင်း ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးနှင့်စပ်လျဉ်း၍ ဆိုသောအချက်မှာ ဖြည့်စွက်လိုတာကတော့ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာ လျာထားချက်များ၊ ဥပဒေကြမ်းများတင်သွင်းခြင်း၊ ဆွေးနွေးခြင်းမပြုမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ (၁)လ တိတိကြိုတင်ပေးပို့ရမည်ဟူသော အချက်အားလည်းကောင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဟူသောအချက်အားလည်းကောင်း၊ လျာထားချက်များ၊ ဥပဒေကြမ်းများတင်သွင်းရာမှာ သက်ဆိုင်ရာဌာနအသီးသီး၏ အရအသုံးစရိတ်အသေးစိတ်များဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီသို့ပူးတွဲတင်ပြရမည်ဟူသော အချက်အားလည်းကောင်း ဖြည့်စွက်ပေးစေလိုပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ စောစောကဝန်ကြီးများကဆွေးနွေးဖြေရှင်းခဲ့ပါတယ်။ ပြည်ထောင်စုမှပေးသည့် အချိန်မှာ အင်မတန်တိုတောင်းလွန်းတယ်။ နည်းလွန်းသည်ဟု ပြန်လည် ဖြေကြားခဲ့ပါတယ်။အခု ကျွန်မတင်သွင်းသော အဆိုကိုအချိန်အကန့်အသတ်များ ပါနေတဲ့အတွက်ကြောင့် ဤအချိန်အကန့်အသတ်များကို ဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရကို ပြန်လည်တင်ပြပေးစေလိုပါကြောင်း တစ်ဆက်တည်း တိုက်တွန်းပါရစေ။ ဥက္ကဋ္ဌကြီးရှင်။ ယခုတင်ပြသော အဆိုမှာ ကျွန်မ တစ်ယောက်တည်းအမြင်ဖြစ်နေသောကြောင့် အလုံးစုံပြီးပြည့်စုံမည် မဟုတ်ပါ။ ဒါကြောင့်ယခုအဆိုမှာ ပြည်နယ်တစ်ခုလုံးနှင့် သက်ဆိုင်ပြီး ပြည်နယ်တစ်ခုလုံး၏ အကျိုးအမြတ်၊ အကျိုး စီးပွားကိုဖြစ်စေသောကြောင့် ဥပဒေကောင်းတစ်ရပ် ပြုပြင်ရေးဆွဲနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အကြံဉာဏ်ယူဆချက်များပါဝင်ပါမှ ညီညွတ်မျှတသောစည်းစနစ်ကျသောဥပဒေတစ်ရပ် ဖြစ်နိုင်ပါမည်။

သို့ဖြစ်ပါ၍ယနေ့တက်ရောက်လာသော လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမှလည်း ပါဝင်ဆွေးနွေးပေးဖို့ တစ်ဆက်တည်း တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးတင်လှိုင်၊နမ့်တူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသောရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ အားလုံးလေးစားကြောင်း ပဏာမပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ နမ့်တူမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးတင်လှိုင်ဖြစ်ပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသွားတဲ့ **"၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေ အရအသုံးဆိုင်ရာလျာထားချက်များ တင်သွင်းခြင်း နည်းဥပဒေတွင်အချိန် အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း"**အဆိုကိုလက်ခံဆွေးနွေးရန် ကျွန်တော် ဦးတင်လှိုင်မှ လေးနက်စွာထောက်ခံအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

### အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေး ရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းစမ်းစမ်းအေးက တင်သွင်းသော အဆိုကို လွှတ်တော် ကိုယ်စားလှယ် ၁ ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များ တင်သွင်းခြင်း နည်းဥပဒေတွင် အချိန်အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည် သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း"** အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကိုရယူမှာ ဖြစ်ပါတယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

### (သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

**ဥက္ကဋ္ဌ။** အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူညီကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၇ ခုနှစ်၊ မတ် လ ၂၃ ရက်နေ့ (ကြာသပတေးနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေး မယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ရှမ်းပြည်နယ် လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

### ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့(၂၃. ၃. ၂၀၁၇) ရက်နေ့တွင် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ

လျာထားချက်များတင်သွင်းခြင်း နည်းဥပဒေတွင် အချိန်အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာန ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်းအဆို နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးပို့ထားပါတယ်။ ဒါကြောင့်ပထမဦးစွာ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ များဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်များတင်သွင်းခြင်း နည်းဥပဒေတွင် အချိန်အကန့် အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာန ပြင်ဆင် ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း အဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ယခုကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒီမိုကရေစီနိုင်ငံသည် မဏ္ဍိုင် ၃ ရပ် ဖြင့် ဖွဲ့စည်းပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသလို ကျွန်တော်တို့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးအခန်းကဏ္ဍတွင် တာဝန်ယူ ဆောင်ရွက်သော အဖွဲ့ဖြစ်နေသောကြောင့် ပြည်သူများအတွက်နှင့် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုအတွက် လိုအပ်ပါက ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ ပြင်ဆင်ဖြည့်စွက် သင့်ပါကြောင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ရွေးကောက်ခံကိုယ်စားလှယ်များသည် မိမိ၏မဲဆန္ဒရှင် မိဘ ပြည်သူများမှ ယုံယုံကြည်ကြည်ဖြင့် အသဲကြားက မဲတစ်ပြားကိုပေးခဲ့သလို ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များသည်လည်း တိုင်းပြည်၏ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့် နည်းပါးစေရေးအတွက် ဝိုင်းဝန်းစိစစ်ကြပ်မတ်နိုင်မှသာလျှင် ကျွန်တော်တို့ မျှော်မှန်းထားသည့် ကောင်းမွန် သော အစိုးရနှင့်သန့်ရှင်းသော အစိုးရအဖွဲ့ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်၏ ပုံရိပ်ကောင်းမွန်အောင် ဖော်ဆောင် ရန်လည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍဖြစ်သလို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ BEဘတ်ဂျက်၊ REဘတ်ဂျက်၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်များကို လွှတ်တော်သို့ တင်သွင်း လာသောအခါ လွှတ်တော်ကိုယ်စားလှယ်များနှင့်ဘတ်ဂျက်စိစစ်ရေး ကော်မတီအဖွဲ့မှ ကောင်းမွန်စွာလေ့လာ စိစစ်နိုင်ရန်အတွက် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခဲ့သော ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေများ-

အခန်း(၁၄) ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅(က) ရှမ်းပြည်နယ်အစိုးရမှ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲပြုစုထားသော ရှမ်းပြည်နယ်၏ ဘဏ္ဍာအရ အသုံးဆိုင်ရာ လျာထားချက်များကို လွှတ်တော်တွင် ဆွေးနွေးရန် လွှတ်တော်မခေါ်ယူမီ ဘဏ္ဍာအရအသုံးဆိုင်ရာ လျာထားချက် များအား ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့(၁)လတိတိ ကြိုတင်ပေးပို့ နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှ စီစဉ်ပေးရမည်။ နည်းဥပဒေ ၁၄၅(ခ) ၎င်းလျာထားချက်များအား ဆွေးနွေးသုံးသပ်ရန်

လွှတ်တော်မခေါ်ယူမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီဥက္ကဋ္ဌမှ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ အစည်းအဝေးခေါ်ယူ ပေးရမည်။ နည်းဥပဒေ ၁၄၅(ဂ) လျာထားချက်များတင်သွင်းရာတွင် သက်ဆိုင်ရာ ဌာနအသီးသီး၏ အရအသုံးစရိတ် အသေးစိတ်များကို ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပူးတွဲတင်ပြရမည်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၆(က) ရှမ်းပြည်နယ်အစိုးရက ပေးပို့ထားသော သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီမှ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်နှင့်သက်ဆိုင်သောတွေ့ရှိချက်များကို အစီရင်ခံစာနှင့်တကွ ပြင်ဆင်ဆွေးနွေးသုံးသပ်ရမည်။ နည်းဥပဒေ ၁၄၆(ခ)အဆိုပါဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်များနှင့်တကွ လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇(က) ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်မှ ပြန်လည်ပေးပို့လာသော ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်နှင့်အတူ တင်သွင်းလာပါက လွှတ်တော်တွင် မဆွေးနွေးမီ (၁)ပတ်တိတိတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပေးပို့ရမည်။ နည်းဥပဒေ ၁၄၇(ခ) ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁(က)နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာလျာထားချက်များ၊ ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်းမပြုမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ (၁)လတိတိကြိုတင်ပေးပို့ရမည်။ နည်းဥပဒေ၁၅၁(ခ) ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင်လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီဆောင်ရွက်ရမည်။ နည်းဥပဒေ ၁၅၁(ဂ) လျာထားချက်များ၊ ဥပဒေကြမ်းများ တင်သွင်းရာတွင် သက်ဆိုင်ရာဌာနအသီးသီး၏ အရအသုံးစရိတ်အသေးစိတ်များ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပူးတွဲတင်ပြရမည်ဆိုသော ပြင်ဆင်ဖြည့်စွက်ချက်များအား ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ ၄င်းဥပဒေ၏ အစိတ်အပိုင်းများ ထပ်မံဖြည့်စွက်မှသာလျှင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များမှ ဘတ်ဂျက်ကဏ္ဍများကို သေချာကောင်းမွန်စွာ စိစစ်နိုင်မည်ဟုယုံကြည်မိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ပုံမှန်အစည်းအဝေးခေါ်ယူ ကျင်းပနေချိန်အတွင်း မိမိမြို့နယ်တွင် လိုအပ်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းရုံဖြင့် မပြည့်စုံနိုင်သေးပါ။ ကျွန်တော်တို့အတွက် အရေးကြီးသောကဏ္ဍဟာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းလာသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များကို အလေအလွင့်မရှိစေရန် ဝိုင်းဝန်းစိစစ်ကြရန် လိုအပ်နေပါတယ်။ သို့မှသာလျှင် ပြည်သူ့ဘဏ္ဍာငွေလေလွင့်မှု နည်းပါးစေပြီး ကျွန်တော်တို့ လိုအပ်နေသောပြည့်စုံမှု ရရှိမှာဖြစ်ပါတယ်။ လွှတ်တော်ပုံမှန်အစည်းအဝေးခေါ်ယူကျင်းပနေချိန်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းလာသော ဘဏ္ဍငွေအရ အသုံးဆိုင်ရာ လျာထားချက်များကို လေ့လာချိန်မရှိဘဲ အစည်းအဝေးကျင်းပချိန် ၃ ရက် ၄ ရက်ဖြင့် ခေါင်းငြိမ့်၊ အတည်ပြု၊ လက်ခုပ်တီးပြီးရင်ပြန် ယင်းကဲ့သို့ ဆောင်ရွက်နေမည်ဆိုပါက ဘဏ္ဍာငွေ လေလွင့်မှုလျော့နည်းမှာ မဟုတ်ပါကြောင်း ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုကို ထောက်ခံ ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ တက်ရောက်လာသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရွေးကောက်ခံ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ အားလုံးဘဝနဲ့ဆန္ဒတစ်ထပ်တည်းကျပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်။ ယခု ကျွန်မဆွေးနွေးမှာကတော့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များတင်သွင်းခြင်းနည်းဥပဒေတွင် အချိန်အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာန ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်းအဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းဒေသကြီးလွှတ်တော် ၇ ရပ်၊ ပြည်နယ်လွှတ်တော် ၇ ရပ် အပြင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်ပေါင်း ၁၆ ရပ်ဖြင့် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော် ဆန္ဒ၊ပြည်သူတို့၏ လိုအပ်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူတို့၏ လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ ကျွန်မတို့ရဲ့ ရှမ်းပြည်နယ်လွှတ်တော်၏ Objectives ဖြစ်သည့်(၁)ဥပဒေပြုခြင်း၊ (၂)ကိုယ်စားပြုခြင်း၊(၃)ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း၊(၄) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေးမြင့်မားစေရေးဆောင်ရွက်ခြင်းဟုပါရှိပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်သည်ရေးရာကော်မတီ ၉ ခု ဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်အတွင်းဖွဲ့စည်းထားသော ရေးရာကော်မတီ၏ လုပ်ပိုင်ခွင့်အပိုဒ် ၅ တွင် ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်ဟုပါရှိပါတယ်။ ကော်မတီ၏ ရပိုင်ခွင့်အပိုဒ် ၇ တွင်လည်း ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာ ဒေသသို့ရောက်ရှိနေစဉ်လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်ဟု အတိအလင်းဖော်ပြသည့် အားလျော်စွာရေးရာ ကော်မတီများ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်ရရှိရန် လွှတ်တော်အကြီးအမှူးနှင့် ရုံးဝန်ထမ်းအကြီးအမှူးများ၏ ပံ့ပိုးကူညီမှုများစွာ လိုအပ်လျက်ရှိပါတယ်။ ရေးရာကော်မတီများအားကောင်းမှ လွှတ်တော်အားကောင်းမည်ဖြစ်ပါတယ်။ ရေးရာကော်မတီများ စီမံချက်ရေးဆွဲရာတွင်လည်းကောင်း၊ အစီရင်ခံစာ တင်ပြရာတွင်လည်းကောင်း ပြည့်စုံမှုမရှိပါက ရုံးပိုင်းဆိုင်ရာလိုအပ်ချက်များကို လွှတ်တော်အကြီးအမှူးနှင့် ဝန်ထမ်းအကြီးအမှူးများကလည်း ကျင့်ဝတ်စည်းကမ်းများကို သိရှိနားလည်ကာ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးပိုင်းတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ရေးရာကော်မတီများ ထိထိရောက်ရောက်စွမ်းဆောင်ရည် မရှိပါက On Paper ကော်မတီသာဖြစ်ပေမည်။ ထို့အတူ လွှတ်တော်အနေဖြင့် အခြားသော မဏ္ဍိုင်ကြီးများအပေါ် Check and Balance လုပ်ဆောင်ရာတွင် မိမိတို့၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးများ ပိုမိုတိုးတက်တောက်ပြောင်စေရန် ကိုယ်စီစွမ်းဆောင်ရမည်ဖြစ်ပါတယ်။ ကျွန်မအကြံပြုတင်ပြလိုသည်မှာအချက် ( ၂ ) ချက် ရှိပါတယ်။ ( ၁ ) ရှမ်းပြည်နယ်

လွှတ်တော်အတွင်းမှာဖွဲ့စည်းထားသော ရေးရာကော်မတီ ၉ ခုအပြင် အမျိုးသမီးနှင့်ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးရာကော်မတီကိုလည်း ဖွဲ့စည်းရန် လိုအပ်လျက်ရှိပါတယ်။ (၂) လွှတ်တော်အကြီးအမှူး၊ ဝန်ထမ်း အကြီးအမှူး၊ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် မိသားစု အစည်းအဝေး တစ်ရပ်ကိုလည်း လွှတ်တော်မကျင်းပမီတွင် လွှတ်တော်အတွင်း ဆောင်ရွက်ခဲ့သည့် တစ်နှစ်သာ အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်များကို ပြန်လည်သုံး သပ်နိုင်ရန် လွှတ်တော်အစည်းဝေး မကျင်းပမီ ၁ ရက်အလို သို့မဟုတ် သင့်တော်သည့် တစ်ရက်ရက်တွင် ၁ နှစ်လျှင် ၁ ကြိမ် ကျင်းပရန် လိုအပ်လျက်ရှိသည်ကို သုံးသပ်မိပါသဖြင့် အကြံပြုတင်ပြရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေါ်နန်းစမ်းစမ်းအေး၏ ပြင်ဆင်ချက်မှာ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၅(က) ရှမ်းပြည်နယ်အစိုးရမှ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲ ပြုစုထားသော ရှမ်းပြည်နယ်၏ဘဏ္ဍာအရအသုံးဆိုင်ရာ လျာထားချက်များကို လွှတ်တော်တွင် ဆွေးနွေးရန် လွှတ်တော် မခေါ်ယူမီ ဘဏ္ဍာအရအသုံးဆိုင်ရာ လျာထားချက်များအား ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ (၁)လတိတိ ကြိုတင် ပေးပို့နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှ စီစဉ်ပေးရမည်။ နည်းဥပဒေ ၁၄၅ (ခ) ၎င်းလျာထားချက်များအား ဆွေးနွေး သုံးသပ်ရန် လွှတ်တော် မခေါ်ယူမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ ဥက္ကဋ္ဌမှ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ အစည်းအဝေး ခေါ်ယူ ပေးရမည်။ နည်းဥပဒေ၁၄၅(ဂ)လျာထားချက်များတင်သွင်းရာတွင် သက်ဆိုင်ရာဌာနအသီးသီး၏ အရအသုံးစရိတ်အသေးစိတ်များကို ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပူးတွဲတင်ပြရမည်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၆(က) ရှမ်းပြည်နယ်အစိုးရက ပေးပို့ထားသော သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ လျာထားချက်နှင့် စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီမှ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာလျာထားချက်နှင့် သက်ဆိုင်သောတွေ့ရှိချက်များကို အစီရင်ခံစာနှင့်တကွ ပြင်ဆင်ဆွေးနွေးသုံးသပ်ရမည်။ နည်းဥပဒေ ၁၄၆(ခ) အဆိုပါဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်များနှင့်တကွ လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇(က) ပြည်ထောင်စုဘဏ္ဍာရေး ကော်မရှင်မှ ပြန်လည်ပေးပို့လာသော ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်နှင့်အတူ တင်သွင်းလာပါက လွှတ်တော်တွင် မဆွေးနွေးမီ (၁)ပတ်တိတိတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပေးပို့ရမည်။ နည်းဥပဒေ ၁၄၇(ခ) ဘဏ္ဍာငွေ အရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁(က) နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာလျာထားချက်များ၊ ဥပဒေကြမ်းများတင်သွင်းခြင်း၊ ဆွေးနွေးခြင်းမပြုမီ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာကော်မတီသို့ (၁)လတိတိကြိုတင်ပေးပို့ရမည်။ နည်းဥပဒေ ၁၅၁(ခ) ဘဏ္ဍာငွေ အရအသုံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင်လိုအပ်သလို ဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။ နည်းဥပဒေ ၁၅၁(ဂ) လျာထားချက်များ၊ဥပဒေကြမ်းများ တင်သွင်းရာတွင် သက်ဆိုင်ရာဌာနအသီးသီး၏ အရအသုံးစရိတ်အသေးစိတ်များ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပူးတွဲတင်ပြရမည်ဟု ပြင်ဆင် ဖြည့်စွက်ပေးရန် ဒေါ်နန်းစမ်းစမ်းအေးမှ လွှတ်တော်သို့ တင်သွင်းထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့်လည်း Butget ကိုထဲထဲဝင်ဝင် သိခွင့်ရရှိမှာ ဖြစ်တဲ့အတွက်ကြောင့်

ပြင်ဆင်ဖြည့်စွက်တာကို သက်ဆိုင်ရာဝန်ကြီးဌာနအား တိုက်တွန်းသော အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးခင်မောင်တင့်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန်အစည်းဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပဏာမ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။ ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များတင်သွင်းခြင်းနည်းဥပဒေတွင် အချိန်အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်းအဆို နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဦးစွာတင်ပြလိုတာကတော့ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ ၂၀၁၃ ခုနှစ်၊ (ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၂) နှင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများသည် ပြည်နယ်အဆင့်ဆောင်ရွက်ရမည့် နည်းဥပဒေများ မဟုတ်သည့်အတွက် ပြည်ထောင်စုအဆင့်တွင်သာ ဆွေးနွေးသင့်ပါကြောင်း ဦးစွာပထမတင်ပြလိုပါတယ်။ ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာမှာ ရှမ်းပြည်နယ်နည်းဥပဒေ ၁၆၈၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ညှိနှိုင်းခွင့်ရှိသည်လို့ပါရှိပါတယ်။ နည်းဥပဒေ ၁၆၇၊ သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်သည် နှစ်စဉ် ပြည်ထောင်စု၏အရအသုံးခန့်မှန်း ခြေငွေစာရင်းတွင် လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို သက်ဆိုင်ရာနယ်မြေဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် နယ်မြေဒေသခံပြည်သူများ ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည်ဟုပါရှိထားပါတယ်။ နည်းဥပဒေပုဒ်မ ၁၆၆၊ လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် သုံးစွဲရန်ကုန်ကျမည့်နှစ်စဉ်ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေငွေစာရင်းလျာထားချက်ကိုရေးဆွဲပြုစုပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာသို့ပေးပို့ရမည်ဟုပါရှိပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းလျှင် နည်းဥပဒေပုဒ်မ ၁၃၉ မှ ၁၄၃ အထိပါရှိသော နည်းလမ်းများနှင့်အညီဆောင်ရွက်ရမည်ဟု နည်းဥပဒေမှာ ပြဋ္ဌာန်းထားတာပါရှိတဲ့အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင်လည်း နီးစပ်ရာအစည်းအဝေးတွင် လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြန်လည်ပေးပို့ရမည်ဟု ပါရှိသည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များကို ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြညှိနှိုင်းပြီး ပြည်ထောင်စုဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေ၊ ပြည်ထောင်စု ဘဏ္ဍာငွေရန်ပုံငွေရရှိသော ကဏ္ဍများတွင် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် တင်ပြချက်နှင့်အတူ တင်သွင်းလာပါက လွှတ်တော်တွင် လိုအပ်သလိုဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီဆောင်ရွက်ရမည်ဟုပါရှိပါတယ်။ ထို့ကြောင့် ရှမ်းပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက် တင်သွင်းခြင်း နည်းဥပဒေ ပုံစံအမျိုးမျိုးနှင့် ပါရှိနေသည့်အတွက် ရှမ်းပြည်နယ် လွှတ်တော်သို့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နည်းဥပဒေ လျာထားချက်များကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုချက် ရယူရမည်ဟုပါရှိသည့်အတွက်

တင်သွင်းသည့်အချိန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်သွင်းလာသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များကို လွှတ်တော်ကိုယ်စားလှယ်များမှ အစည်းအဝေးတွင် ဆွေးနွေးပြီး လွှတ်တော်၏ အကြံပြုချက်များဖြင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံသို့ ပြန်လည်ပေးပို့ရမည်ဟု ပါရှိသည့်အတွက် ဥက္ကဋ္ဌ သည်နည်းဥပဒေ ၁၄၅ အရ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များကို လွှတ်တော်အစည်းအဝေးတွင် အကြိမ်ကြိမ်အခါခါထပ်မံဆွေးနွေးပြီးမှသာ အတည်ပြုချက် များပေးပို့သင့်ကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဒေါ်နန်းစမ်းစမ်းအေး ၏ အဆိုသည် အပိုင်း(၂)ပိုင်းကွဲပြားနေတာ ကိုတွေ့ရှိရပါတယ်။ (၁)အချက်အနေဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပါအချက်အလက်များအားပြင်ဆင် မည်ဆိုပါက ပြည်ထောင်စုအစိုးရအဆင့် တွင်ပါ ပြင်ဆင်ရမှာဖြစ်ပါတယ်။ (၂)အချက်အနေဖြင့် အချိန်အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သတ်မှတ် ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်း ခြင်း အဆိုသည် လွှတ်တော်အတွင်းကဏ္ဍမှာရှိတဲ့ ရေးရာကော်မတီများသာ သက်ဆိုင်သည့်အတွက် ရေးရာကော်မတီတွင်သာ ဖြည့်စွက်အတည်ပြုချက်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုကို ကိုယ်စားလှယ် ၃ ဦးက ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(င)အရ ဘဏ္ဍာရေးဝန်ကြီးမှ ဦးစွာပြန်လည် ရှင်းလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံး၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ပဏာမ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ယခု သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ဒေါ်နန်းစမ်းစမ်းအေးက တင်သွင်းလာတဲ့ အဆိုကို ကျွန်တော် ရှမ်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံးအနေနဲ့ အစိုးရကိုယ်စား ပြန်လည်ရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေဖြစ်တဲ့ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ လျာထားချက်များ တင်သွင်း ခြင်း နည်းဥပဒေတွင် အချိန်အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြန်လည် သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်းအဆို ဖြစ်ပါတယ်။ အဲဒီအဆိုမှာ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅ အား ဖြည့်စွက်ရန်ဆိုပြီးတော့ ပါရှိပါတယ်။ အပိုဒ်(က)မှာ ရှမ်းပြည်နယ် အစိုးရမှ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲပြုစုထားသော ရှမ်းပြည်နယ်၏ ဘဏ္ဍာအရအသုံးဆိုင်ရာ လျာထားချက်များကို လွှတ်တော်တွင်ဆွေးနွေးရန် လွှတ်တော် မခေါ်ယူမီ ဘဏ္ဍာအရအသုံးဆိုင်ရာ လျာထားချက်များအား ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီသို့ (၁)လတိတိ ကြိုတင်ပေးပို့နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှ စီစဉ်ပေးရမည်ဆိုပြီးတော့ ပါရှိပါတယ်။ ဒီအပိုဒ်နှင့် ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အနည်းငယ်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅(က)မှာ ဖည့်စွက်ရန်နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ (၁)လကြိုတင် ပေးပို့နိုင်ရန်မှာ ယခင်ဘဏ္ဍာရေးနှစ်များ၏ စာရင်းများက အခြေခံပြီးရေးဆွဲထားတဲ့ ဘဏ္ဍာအရအသုံးဆိုင်ရာ လျာထားချက်များကိုသာလျှင် ပေးပို့ နိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးတဲ့ ဘဏ္ဍာရေးမူဘောင်အရ ရေးဆွဲထားတဲ့ စာရင်းမဖြစ်နိုင်သေးပါဘူး။ ယခုနှစ်ကြုံတွေ့နေရတဲ့ အတွေ့အကြုံ အရဆိုရင် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်

မူလခန့်မှန်းခြေ ငွေစာရင်းရေးဆွဲနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၉-၁၁-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တောင်းခံခဲ့ပြီး ၁၀-၁၂-၂၀၁၆ ရက်နေ့အရောက် ပြည်ထောင်စု စီမံကိန်းနှင့် ဘဏ္ဍာရေးဌာနသို့ ပြန်လည်ပေးပို့စေခဲ့ပါတယ်။ အဲဒါကို ထောက်ရှုခြင်းအားဖြင့် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စမှာ ပြည်ထောင်စု၏ ညွှန်ကြားချက်သဘောထားအစီအမံမှာ မူတည်ပြီး သွားနေရတာဖြစ်တဲ့အတွက်ကြောင့် အချိန်(၁)လဆိုတဲ့ ကြိုတင်ပေးပို့ခြင်းဆိုသော သတ်မှတ်ချက်မှာ ကျွန်တော်တို့ အစိုးရ အနေနဲ့ အခက်အခဲကြုံတွေ့မှာဖြစ်ပါတယ်။ (၁)လ ဆိုပြီးတော့ ကြိုတင်ပေးရန်အဆိုမှာ မှတ်တမ်းအဖြစ်သာလျှင်ထားရှိသင့်ပါကြောင်း ပြောကြားအပ်ပါတယ်။ ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာမှာကိုယ့်ရဲ့သဘောထားဖြင့်မဟုတ်ဘဲအမြဲတမ်း ပြည်ထောင်စုဖြင့်သာလျှင် ချိတ်ဆက်ပြီး ဆောင်ရွက် ရတာဖြစ်တဲ့အတွက်ကြောင့် အချိန်အကန့်အသတ်ကို လွှတ်တော်ဥက္ကဋ္ဌမှ ရှမ်းပြည်နယ်အစိုးရကို စာထွက်ပြီးညှိနှိုင်း ဆောင်ရွက်လျှင် ပိုမိုသင့်လျော်မည်ဟု ယူဆရပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁ -၁၂/၂၀၁၆) အတည်ပြုချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ် လွှတ်တော်သို့ ၄-၁၂-၂၀၁၆ ရက်နေ့မှာ အရောက်ပေးပို့ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၄၅ မှာ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်ကို လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥက္ကဋ္ဌမှ လွှတ်တော်ခေါ်ယူရမည်ဟု ပါရှိပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ တောင်းခံသော စာအရ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စာရင်းပြုစုပြင်ဆင်ချိန် လွှတ်တော်သို့ တင်ပို့ရန်မှာ ၁၁ ရက်သာ အချိန်ရရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်သို့ပေးပို့ရန် အချိန်ကန့်သတ်မည်ဆိုလျှင် အစိုးရအနေနဲ့ အခက်အခဲများစွာ ကြုံတွေ့နိုင်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှ အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ဘဏ္ဍာငွေ အရအသုံးဆိုင်ရာကော်မတီသို့ ဆောလျင်စွာ ပေးပို့စေသင့်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကို အကြံပြု လိုတာကတော့ မူလခန့်မှန်းခြေငွေစာရင်းမရေးဆွဲမီ ၃-၄ လ အလိုခန့်မှာ မေ၊ ဇွန်၊ ဇူလိုင်၊ သြဂုတ် စသဖြင့် အဲဒီလအတွင်းမှ မိမိမြို့နယ်အတွင်းမှာ လိုအပ်နေတဲ့ အရေးကြီးသော လုပ်ငန်းများ စာရင်းပြုစုပြီး ဌာနဆိုင်ရာ စာရင်းဇယားမှာ ပါရှိအောင် ညှိနှိုင်းဆောင်ရွက်ထားသင့်တယ်လို့ ယူဆရပါတယ်။ မြို့နယ်အလိုက် မြို့ပေါ် ကိုယ်စားလှယ်များမှ သိရှိစိစစ်ရေးဆွဲထားပြီးသည့် လုပ်ငန်းများကို အစိုးရအဖွဲ့မှ ကြီးကြပ်၍ရရှိလာသော ဘဏ္ဍာငွေပေါ်မူတည်ပြီးတော့ မူလခန့်မှန်းခြေငွေစာရင်းရေးဆွဲသွားလျှင် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အချိန်ယူ စစ်ဆေးရခြင်း အထိုက် အလျောက်သက်သာသွားမည်ဟု ယူဆရပါတယ်။ ပထမအပိုဒ်(က) မှာ(၁)လကြိုတင်ဆိုတဲ့ စကားရပ်ကို လွှတ်တော်ဥက္ကဋ္ဌကြီးကို တင်ပြလိုတာကတော့ မှတ်တမ်းအနေဖြင့်သာ ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

နည်းဥပဒေ ၁၄၅(ခ) ကို ပြန်လည်ရှင်းလင်းတင်ပြရမည်ဆိုလျှင် ၎င်းလျာထားချက်များအား ဆွေးနွေး သုံးသပ်ရန် လွှတ်တော်မခေါ်ယူမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ ဥက္ကဋ္ဌမှ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာကော်မတီအစည်းအဝေး ခေါ်ယူပေးရမည် ဆိုသည့်အချက်မှာ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၅(ခ)မှာ ဖြည့်စွက်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်မှ ဆောင်ရွက် ပေးရမည့်အချက် ဖြစ်ပါတယ်။

နည်းဥပဒေ ၁၄၅(ဂ)မှာ လျာထားချက်များတင်သွင်းရာတွင် သက်ဆိုင်ရာဌာနအသီးသီး၏ အရအသုံးစရိတ် အသေးစိတ်များကို ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပူးတွဲတင်ပြရမည် ဒီအပိုဒ်မှာ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၅(ဂ)မှာ ဖြည့်စွက်ရန်နှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ ကြီးကြပ်မှု ဖြင့် အရအသုံးခန့်မှန်းခြေငွေစာရင်းဌာနကနေ ဆောင်ရွက်ပေးနိုင်သောအချက် ဖြစ်ပါတယ်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၆အား ဖြည့်စွက်ရန်ဆိုသည့် အပိုဒ် (က) တွင် ရှမ်းပြည်နယ်အစိုးရက ပေးပို့ထားသော သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် ဘဏ္ဍာငွေအရအသုံး

ဆိုင်ရာကော်မတီမှ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာလျာထားချက်နှင့် သက်ဆိုင်သော တွေ့ရှိချက်များကို အစီရင်ခံစာနှင့်တကွ ပြင်ဆင်ဆွေးနွေးသုံးသပ်ရမည်ဟု ပါရှိပါတယ်။ ဒီအပိုဒ်နှင့် ပတ်သက် ပြီးတော့ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၆(က)အရ ဖြည့်စွက်ရန်မှာ ရှမ်းပြည်နယ်လွှတ်တော်မှ ဆောင်ရွက်ပေးရမည့်အချက်ဖြစ်ပါတယ်။

နည်းဥပဒေ ၁၄၆(ခ) အဆိုပါဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်များနှင့်တကွ လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်ဟု ပါရှိပါတယ်။ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၆(ခ)အရ ဖြည့်စွက်ရန်မှာ ရှမ်းပြည်နယ် လွှတ်တော်မှ ဆောင်ရွက်ပေးရမည့်အချက်ဖြစ်ပါတယ်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇ အား ဖြည့်စွက်ရန်မှာ အပိုဒ်(က) တွင် ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်မှ ပြန်လည်ပေးပို့လာသော ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်နှင့်အတူ တင်သွင်းလာပါက လွှတ်တော်တွင် မဆွေးနွေးမီ (၁)ပတ်တိတိတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီသို့ ပေးပို့ရမည် ဆိုတဲ့အချက်ကတော့ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇(က)အရ ဖြည့်စွက်ရန်မှာ ဆောင်ရွက်ပေးနိုင်သောအချက် ဖြစ်ပါတယ်။

နည်းဥပဒေ ၁၄၇(ခ) ဘဏ္ဍာငွေအရအသံးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင် လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဟု ပါရှိပါတယ်။ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇(ခ)အား ဖြည့်စွက်ရန်မှာ ရှမ်းပြည်နယ်လွှတ်တော်မှ  အတည်ပြုထားပြီး ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစာရင်းအား ဘဏ္ဍာရေးကော်မရှင်သို့ ပြန်လည်ပေးပို့ပြီးတော့ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားကာ ဥပဒေကြမ်းအဖြစ် ရေးဆွဲထားခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်အဆင့်ဆင့်ကနေ စိစစ်အတည်ပြုပြီး ဖြစ်သောကြောင့် ရှမ်းပြည်နယ်လွှတ်တော်မှာ လိုအပ်သလို ဆွေးနွေး၍သဘောတူ အတည်ပြုခြင်းဖြင့် အများဆန္ဒနှင့်အညီ ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။ မူလခန့်မှန်းခြေမှာ ရေးဆွဲထားတဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာစာရင်းဖြစ်ပါက ပြုပြင်ပြီးခန့်မှန်းခြေငွေ စာရင်းရေးဆွဲချိန်မှာ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းဆောင်ရွက်နိုင်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေစာရင်းဖြစ်မည်ဆိုလျှင် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းငွေစာရင်းပြောင်းလဲဆောင်ရွက်ခွင့်မရှိပါ။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁ အား ဖြည့်စွက်ရန်ဆိုသည့် အပိုဒ်(က) တွင် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာလျာထားချက်များ ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်းမပြုမီ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ (၁)လတိတိ ကြိုတင်ပေးပို့ရမည် ဆိုသည့်အချက် ဖြစ်ပါတယ်။ ဒီအချက်သည်လည်း ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁(က)အား ဖြည့်စွက်ရန်နှင့်စပ်လျဉ်းသည့် ၁၄၅(က)နှင့် ၁၄၇(ခ) အကြံပြုချက်များအတိုင်း ဖြစ်ပါတယ်။

နည်းဥပဒေ ၁၅၁(ခ) ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီ၏အစီရင်ခံစာ၊ သုံးသပ်ချက်နှင့်အတူ လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည် ဆိုသည့်အပိုဒ်ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၅၁(ခ)အား ဖြည့်စွက်ရန်နှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၄၇(ခ) အကြံပြုချက်အတိုင်း ဖြစ်ပါတယ်။

နည်းဥပဒေ ၁၅၁(ဂ) လျာထားချက်များ၊ ဥပဒေကြမ်းများ တင်သွင်းရာတွင် သက်ဆိုင်ရာဌာန အသီးသီး၏ အရအသုံးစရိတ်အသေးစိတ်များ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီသို့ ပူးတွဲတင်ပြရမည် ဟုပါရှိပါတယ်။ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁ ( ဂ ) ဖြည့်စွက်ရန်မှာ

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ဆောင်ရွက်ပေးနိုင်သည့် အချက်ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ခုနှစ်မှာ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရေးဆွဲနိုင်ရေး ဆောင်ရွက်သည့်နေရာမှာ မြို့နယ်များအလိုက်ဖွဲ့စည်းထားပြီးဖြစ်သည့် မြို့နယ်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော် ရေးကော်မတီ အစည်းအဝေးပြုလုပ်သည့်နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားပါမည်။ တက်ရောက်ပါဝင် ဆွေးနွေးခြင်းဖြင့် မိမိမဲဆန္ဒနယ်မှာ ဆောင်ရွက်ရန်လိုအပ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက် အတည်ပြုနိုင်မည်ဟု ယုံကြည်ရပါတယ်။ ယခု တင်ပြထားသော အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိပြီးတော့ လိုအပ်ချက်များကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ စာပေးပို့ခြင်း ဖြင့် ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးတင်သွင်းသည့် အဆိုနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး၏ ပြန်လည်ဆွေးနွေးချက်ကို လေ့လာသည့်အခါမှာ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာကိစ္စကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပိုမိုလွယ်ကူစွာနဲ့ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်တာ တွေ့ရှိရပါတယ်။ နောက်တစ်ခုက ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၁၄) ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေ ခေါင်းစဉ်ပါ နည်းဥပဒေများထဲက နည်းဥပဒေ ၁၄၅ အား နည်းဥပဒေခွဲ(က)(ခ)(ဂ) ဖြည့်စွက်ရန်၊ နည်းဥပဒေ ၁၄၆ အား နည်းဥပဒေခွဲ(က)နှင့် (ခ) ဖြည့်စွက်ရန်၊ နည်းဥပဒေ ၁၄၇ အား နည်းဥပဒေခွဲ(က)(ခ) ဖြည့်စွက်ရန်နှင့် နည်းဥပဒေ ၁၅၁ အား နည်းဥပဒေခွဲ(က)(ခ)နှင့် (ဂ)တို့ ဖြည့်စွက်ရန် ပါရှိတာကို တွေ့ရှိရပါတယ်။ ဖြည့်စွက်ရန်အကြံပြုသော အချက်များအနက် လက်တွေ့ ဆောင်ရွက်နိုင်သော အချက်များပါရှိသလို လက်တွေ့ဆောင်ရွက်ရန် ခက်ခဲသည့်အချက်တွေကိုလည်းပဲ တွေ့ရှိရပါတယ်။ ဘယ်လိုဖြစ်ဖြစ် အဲလိုအကြံပြုသည့်အတွက် အဆိုရှင်ကို များစွာကျေးဇူးတင်ရှိပါတယ်။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စသည် ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စုလွှတ်တော်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က အပြန်အလှန်ချိန်ဆက် ဆောင်ရွက်ရသည့်ကိစ္စဖြစ်သည့်အတွက် အချိန် အကန့်အသတ်မှာ အခက်အခဲများစွာရှိနိုင်ပါတယ်။ ဒီအခက်အခဲကို နည်းလမ်းများရှာပြီးတော့မှ ဖြေရှင်း ရမည့်ကိစ္စဖြစ်ပါတယ်။ပြည်ထောင်စုလွှတ်တော်က ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှာ ဥပဒေအမှတ် ၂၂ ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်း ဥပဒေကို မှီငြမ်းပြုပြီးတော့ လက်ရှိ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့စွဲဖြင့် ပြဋ္ဌာန်းခြင်း ဖြစ်ပါတယ်။ ဒီနည်းဥပဒေကို တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌများ က MPU မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အစည်းအဝေးမှာ အကြိမ်ကြိမ် အခါခါ ညှိနှိုင်းပြီးတော့မှ တူညီအောင် တစ်ပုံစံတည်းဖြစ်အောင် ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ နမူနာအဖြစ် တင်ပြရမည်ဆိုလျှင် ဒီစာအုပ်ဟာ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေဖြစ်ပြီး ကျန်သည့် ကချင်ပြည်နယ်၊ ကျန်တဲ့တိုင်းနှင့် ပြည်နယ်များ အားလုံးဟာလည်းပဲ မိမိ၏ ပြည်နယ်/တိုင်းနာမည် ခွဲခြားပြီး ကျန်သည့်အထဲက စာပိုဒ်တွေ အားလုံးအတူတူပဲဖြစ်တယ်ဆိုတာကို အလျဉ်းသင့်လို့ တင်ပြလိုပါတယ်။ ဒီဥပဒေ၊ နည်းဥပဒေများဟာ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဒီနည်းဥပဒေကို ပြင်ဆင်ဖြည့်စွက်မည်ဆိုပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌများက အပြန်အလှန်အချင်းချင်း မေးမြန်းပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည့်ကိစ္စတင်ပြတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်းဖြင့် ဆောင်ရွက်လို့မရသည့်ကိစ္စဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အဆိုရှင်တင်သွင်းသည့် နည်းဥပဒေခွဲများအဖြစ်

ဖြည့်စွက်ရန် သတ်မှတ်ပေးရမည့် အချက် ၁၀ ချက်သည် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဆွေးနွေးချက်ကို ပွင့်လင်းမြင်သာစွာ ဖြစ်စေတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ Procedure များအဖြစ် ဖြည့်စွက်ခြင်းမပြုဘဲ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်မှာ အဆိုပါအချက်များကို မိမိတို့လွှတ်တော် အနေဖြင့် ဖြည့်စွက်နိုင်ပါတယ်။ ဒါကြောင့် ပြင်ဆင်ဖြည့်စွက်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီတို့ ပူးပေါင်းပြီး ဆောင်ရွက်နိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသည့် အဆိုကို လွှတ်တော်က မှတ်တမ်းတင်သင့်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ပြန်လည်ရှင်းလင်းဆွေးနွေးလိုတာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(ဆ)အရ အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)**။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လွှတ်တော်မှ မဲခွဲဆုံးဖြတ်မည်ဆိုပါက ကျွန်မ၏အဆိုသည် အောင်မြင်နိုင်ခြေရှိပါသော်လည်း လွှတ်တော်ဥက္ကဋ္ဌ၏ အကြံပြု ချက်၊ လမ်းညွှန်ချက်များကို ထည့်သွင်းစဉ်းစားသွားပါမည်။

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ မှတ်တမ်းတင်ခြင်းသည် ဤကိစ္စနှင့်ပတ်သက်ပြီး ရပ်ဆိုင်းထားသည်ဟုသဘောဖြစ်ပြီး အတည်ပြုမှသာလျှင် ဆက်လက် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ သို့ပါသော်လည်း ဤနည်းဥပဒေ ပြင်ဆင်ခြင်း၊ တိုက်တွန်းခြင်း အဆိုကို လွှတ်တော် ဥက္ကဋ္ဌမှ ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်တင်ပြဆွေးနွေး ပေးသွားမည်ဆိုပါက မှတ်တမ်းတင်ခြင်းကို လက်ခံပါမည်။ သို့သော် ဤနေရာမှာလည်း တောင်းဆိုချက် ၃ ချက်ရှိပါတယ်။ ဤ နည်းဥပဒေ အတည်ဖြစ်ရေးကိုလာမည့် ဘဏ္ဍာရေးနှစ်မတိုင်မီ စွမ်းဆောင်ပေးဖို့ တောင်းဆိုချင်ပါတယ်။ ဒုတိယအချက် လွှတ်တော်ဥက္ကဋ္ဌတို့ ပါဝင်ဆွေးနွေးညှိနှိုင်းမည့် အစည်းအဝေးကြီး ၏ အစည်းအဝေး မှတ်တမ်းကို ကျွန်မအဆိုတင်သွင်းသူ ဒေါ်နန်းစမ်းစမ်းအေးထံသို့ ပို့ပေးစေလိုကြောင်း တောင်းခံအပ် ပါတယ်။ တတိယအချက် ဤနည်းဥပဒေကို ပြင်ဆင်နေစဉ် တစ်လျှောက်တွင်တင်ပြပြီးပါသော ဖြည့်စွက်ချက်များကို ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်တို့မှာ ထည့်သွင်းဖြည့်စွက်ပေးဖို့ တောင်းဆိုချင်ပါတယ်။ တစ်ဆက်တည်း မှာပဲ တာချီလိတ် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်မောင်တင့်၏ အကြံပြုချက်ကို ပြန်လည်ဖြေကြားလိုသည်မှာ ပြည်ထောင်စု အဆင့်တွင် ပြင်ဆင်ရမည်မှန်သော်လည်း ကျွန်မတို့သည် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သည်နှင့်အညီ ရှမ်းပြည်နယ်လွှတ်တော်တွင် တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျန်သည့်အပိုင်းဖြစ်တဲ့ ပြည်ထောင်စုထံသို့ ဆက်လက်တင်ပြရမည့် အပိုင်းတွင် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့တို့ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်သည်ဟု ဖြေဆိုပါရစေ။ ဘဏ္ဍာရေးဝန်ကြီး၏ အကြံပြုချက်အရ အချိန်အကန့်အသတ်နှင့် ပတ်သက်၍ မနေ့က အစည်းအဝေးမှာလည်း ကျွန်မ အကြံပြုခဲ့ပြီး ဖြစ်ပါတယ်။ အချိန်အကန့်အသတ်နှင့် ပတ်သက်ပြီး ဝန်ကြီးတို့မှ လည်း ပြည်ထောင်စုဝန်ကြီးတို့ကို တင်ပြဆွေးနွေးဖို့ တောင်းဆိုခဲ့ ပြီး ဖြစ်ပါတယ်။ ယခုလည်း အရင်အတိုင်းဘဲ ဆက်လက်တောင်းဆို ပါရစေ။ ဆက်လက်ဆွေးနွေးစရာ မရှိတော့ပါ။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင် ဘဏ္ဍာရေးဝန်ကြီးနှင့် ကျွန်တော်လွှတ်တော်ဥက္ကဋ္ဌရဲ့ ပြန်လည်ရှင်းလင်းဆွေးနွေးသည့် အတိုင်း အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိ၏ အဆိုအားမှတ်တမ်းတင်ရန်သဘောတူသည့်အတွက်

သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ဆန္ဒကိုရယူပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသည့် အဆိုကို လွှတ်တော်က မှတ်တမ်းတင်ရန် သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်က သဘောတူသည့်အတွက် အဆိုအား မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။